## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**

**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၂) ခရိုးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၄ ရက်၊

(၄) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁၁ ရက်၊

(၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၆) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁၁ ရက်၊

**မူကြမ်း**

(၇) ဟုမလင်းမဲဆန္ဒနယ်မှ ဦးအေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၈) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၉) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၁၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၂ ရက်၊

(၁၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၀ ရက်၊

(၁၅) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၄ ရက်၊

(၁၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၄ ရက်၊

(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၁၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၁၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၄ ရက်၊

(၂၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၂၁) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၄ ရက်၊

(၂၂) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၄ ရက်၊

(၂၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၄ ရက်၊

(၂၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၄ ရက်၊

(၂၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၂၆) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၂၇) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၄ ရက်၊

(၂၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၃၀) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၃၁) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၃၂) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၃) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၄ ရက်၊

(၃၄) ရေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၄ ရက်၊

(၃၅) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၃၇) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၃၈) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၃၉) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၄၀) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၂ ရက်၊

(၄၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရေမောင် ခွင့် ၄ ရက်၊

(၄၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်၊

(၄၃) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၄ ရက်၊

(၄၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစောရေ ခွင့် ၂ ရက်၊

(၄၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၄ ရက်၊

(၄၆) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄၇) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၄ ရက်၊

(၄၈) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၄၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၄ ရက်၊

(၅၀) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၅၁) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၁ ရက်နှင့်

(၅၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၂ ဦးဖြစ်၍ လတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးခြင်းကို လတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော်က ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရဲ့ နောက်တစ်နေ့ဖြစ်သော ၁၆-၁၁-၂၀၁၄ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်တိုးမြှင့်သတ်မှတ်သွားမှာဖြစ်ကြောင်း လတ်တော်သို့ အသိပေး ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးသွားသော ဆန်စပါးစိုက်ပျိုးမြေများအတွက် အစားထိုးဖော်ထုတ်ရေးနှင့် ဆန်စပါးဖူလုံပိုလျှံရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည် ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးဦး(ဟသ်္သာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများအတွက် အခြေခံလိုအပ်ချက် သုံးခုက စားရေး၊ ဝတ်ရေး၊ နေရေးတို့ဖြစ်ကြတယ်လို့ ခံယူထားပါတယ်။ ဒါကြောင့် ပြည်သူများကိုယ်တိုင် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စားရေး၊ ဝတ်ရေးနဲ့ နေရေးတို့ ပြည့်စုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသလို နိုင်ငံတော်အစိုးရ၊ လွှတ်တော်များနဲ့ ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှလည်း ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်လျက်ရှိ နေကြပါတယ်။ အခြေခံလိုအပ်ချက် သုံးချက်ထဲက စားရေးဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးဟာ အရေးပါတဲ့အတွက် ပြည်သူများကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသလို နိုင်ငံအသီးသီးက အစိုးရအဖွဲ့များနဲ့ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ FAO ဟာလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံအနေနဲ့ ဆန်ကိုအဓိကစားသုံးတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဆန်ဖူလုံမရှိအောင် ပိုလျှံတဲ့ဆန်ကို ကမ္ဘာ့နိုင်ငံအသီးသီးက စားနပ်ရိက္ခာဖူလုံခြင်းမရှိသေးတဲ့ နိုင်ငံတွေကို တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လက်ရှိကာလဖူလုံမှုရှိ နေပေမယ့် နှစ်စဉ်တိုးတက်လာမယ့် လူဦးရေကိုမျှော်မှန်းပြီး ဖူလုံမှုရှိအောင် စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြပါတယ်။ ဆန်စပါးဖူလုံမှုပိုလျှံမှုရှိစေဖို့၊ စိုက်ဧကများ တိုးချဲ့နိုင်ဖို့အတွက် ရေအောက်မြေအောက်သယံဇာတများဖော်ထုတ်ခြင်း၊ ပလပ်မြေများအား စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန် စည်းရုံးတာဝန်ပေးဆောင်ရွက်ခြင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းတွေကို ရေတော်မိုးတော်စိုက်ပျိုးမြေများဖြစ်လာစေဖို့၊ ရေနုတ်မြောင်းများဖောက်လုပ် ပေးခြင်း၊ စိုက်ပျိုးရာမှာအဓိကလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေသောက်ဧရိယာများ၊ မြစ်ရေတင်ဧရိယာများနဲ့ မြေအောက်မြေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ပေးခြင်းတို့နဲ့ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ရှိပြီးစိုက်ပျိုးမြေများမှာ အကြိမ်ကြိမ် စိုက်ပျိုးနိုင်တဲ့ သီးနှံစိုက်စွမ်းအား တိုးမြင့်လာစေဖို့အတွက်လည်း အားပေးဆောင်ရွက်ခြင်း၊ အထွက်တိုးစေနိုင်တဲ့ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးခြင်း၊ တောင်သူများလက်လှမ်းမီတဲ့ စိုက်ပျိုးရေးနည်းစနစ်များ အသိပေးခြင်းတို့နဲ့ ဆောင်ရွက်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူတစ်ဦးလျှင်ပျမ်းမျှ စားသုံးနှုန်းဟာ စပါး ၁၅ တင်းဖြစ်ပါတယ်။ တိုးတက်နေတဲ့ လူဦးရေနှုန်းအရ ဖြစ်ပေါ်လာမယ့် လူဦးရေ သန်း ၁၀၀ အတွက် ကြိုတင်မျှော်မှန်းပြီး စပါးတင်းသန်း ၁၅၀၀ ထွက်ရှိရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့

ဆန်စပါးစိုက်ဧကဟာ ၂၀၁၀-၂၀၁၁ ခုနှစ်စာရင်းအရ မိုးတွင်းကာလမှာ စိုက်ပျိုးဧက ၁၆.၇၈၅၂၈၆ တွင် ရိပ်သိမ်းဧက ၁၆.၆၉၉၈၅၂ ဖြစ်ပြီး ပျမ်းမျထွက်နှုန်း ၇၆.၈၂ တင်း ဖြစ်တဲ့အတွက် အထွက်တင်းပေါင်း ၁၂၈၂.၉၄၂၀၁၆ တင်းဖြစ်ပါတယ်။ နွေစပါးစိုက်ဧက ၃.၀၉၉၅၅၄ ဧကမှာ ရိပ်သိမ်းဧက ၃.၀၉၆၅၀၈ ဖြစ်ပြီး ပျမ်းမျထွက်နှုန်း ၈၉.၉၃၄ ဖြစ်တဲ့ အတွက် အထွက်တင်းပေါင်း ၂၇.၈၄၆၇၃၅၀ သန်းပေါင်းဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ် အတွင်း စပါးစုစုပေါင်းစိုက်ဧက ၁၉.၈၈၄၈၄၀ မှာ ရိပ်သိမ်းဧက ၁၉.၇၉၆၃၆၀ ဖြစ်တဲ့အတွက် အထွက်နှုန်းပျမ်းမျ ၇၈.၈၇ ဖြစ်တဲ့အတွက် စုစုပေါင်း အထွက်တင်းပေါင်း ၁၅၆၁.၄၀၉၃၆၆ ဖြစ်ကြောင်း သိရှိရပါတယ်။ ပိုမိုတိုးတက်အောင်ထိန်းသိမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွင်း ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ဥပဒေနဲ့အညီဖြေရှင်းနိုင်စေဖို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမှာမိမိတို့ လုပ်ပိုင်ခွင့်ရတဲ့ လယ်မြေတွေကို အမွေဆက်ခံခြင်း၊ ပေါင်နှံခြင်း၊ မိမိတို့ ဆန္ဒအလျောက်အပြီးအပိုင်လဲပြောင်းခြင်းတို့ကို ပြုလုပ်ခွင့်ပြုထားပေမယ့် ထပ်ဆင့်လဲပြောင်း လက်ခံသူများအနေနဲ့ လယ်ယာမြေများကို စိုက်ပျိုးရေးမှ တစ်ပါး အခြားနည်းလမ်းအားဖြင့် အလွယ်တကူအသုံးမပြုနိုင်ဖို့ကိုလည်း တားမြစ်ထားပါတယ်။ စားနပ်ရိက္ခာဖူလုံမှုထိခိုက်စေ ခြင်းမရှိစေဖို့ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီမံကိန်းအရ မလဲမရှောင်သာပဲ အခြားနည်းနဲ့ အသုံးပြုရမယ်ဆိုရင်လည်း စိုက်ဧကများလျော့နည်းဆုံးရှုံးမမရှိစေဖို့ အလေးထားဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းထားပါတယ်။ လက်ရှိအခြေအနေမှာ လယ်ယာမြေများအတွင်း လယ်ယာမြေများမှာ လုပ်လေ့လုပ်ထမရှိတဲ့ ခြံစည်းရိုးတိုင်များ စိုက်ထူမှုများအား တွေ့မြင်နေရခြင်း၊ အချို့သောကျေးလက်ဒေသများမှာ နိုင်ငံတော်က အသိအမှတ်ပြုစီမံကိန်းများနဲ့ မသက်ဆိုင်သော တောင်သူများထံမှ လယ်ယာမြေများအားဝယ်ယူပြီး မြေကွက်များဖော်ထုတ်၍ ပြန်လည်ရောင်းချနေခြင်းများ ရှိနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံသားများ အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးဖူလုံပိုလျှံမှုရှိရေးအတွက် အောက်ပါမေးခွန်းများအား ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါကြောင်း တင်ပြအပ်ပါတယ်။ (၁) အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးသွားသော ဆန်စပါးစိုက်ပျိုးမြေများအတွက် အစားထိုးဖော်ထုတ်ရေးနှင့် ထပ်မံတိုးချဲ့ဖော်ထုတ်ပေးရန် အစီအစဉ်ရှိပါသလား။ (၂) ဆန်စပါးစိုက်ပျိုးမြေများမှာ စီမံကိန်းမဟုတ်သော အခြားနည်းဖြင့် အသုံးပြုလျက်ရှိနေမှုများအား ကာကွယ်တားဆီးရန် မည်သို့ဆောင်ရွက်ထားလျက်ရှိပါသလဲ။ (၃) ဆန်ဖူလုံပိုလျှံရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိပါသလဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသ ကြီး ၊ ဟင်္သာတမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဓိက စားသုံး သီးနှံဖြစ်တဲ့ ဆန်စပါးဖူလုံပိုလျှံရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ရဲ့ အနာဂတ်အား ကြိုတင်မျှော်မှန်းလျက် စားရေရိက္ခာဖူလုံ လုံခြုံ မရရှိစေရေး အပေါ်မှာ အလေးထားဆွေးနွေး မေးမြန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ဖြေကြားပါတယ်။ ဆန်စပါးအတွက်ဖြစ်၍ အချိန်ပိုတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သတ်မှတ်ချိန်အတွင်း ပြီးအောင် ကြိုးစားဖြေပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်း(၁)ပါ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးသွားတဲ့ ဆန်စပါး စိုက်ပျိုးမြေများအတွက် အစားထိုးဖော်ထုတ်ရေးနှင့် ထပ်မံတိုးချဲ့ ဖော်ထုတ်ရန်အစီအစဉ်နဲ့ စပ်လျဉ်း ပြီး နိုင်ငံတော် စားရေရိက္ခာဖူလုံလုံခြုံ ရေးဟာ တိုင်းဒေသကြီး/ပြည်နယ်အားလုံးအပေါ်မှာ အခြေပြု လျက်ရှိရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များဟာ မိမိဒေသအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားတဲ့ လယ်မြေအတွက် စိုက်ဧကမလျော့စေဖို့အတွက် ရေသေ ချာတဲ့ ဆည်ရေသောက်ဒေသတွေမှာ စပါးတစ်သီးကနေ နှစ်သီးကို သီးထပ်အဖြစ်နဲ့ စိုက်ဧက တိုးအောင် စိုက်ပျိုးခြင်း၊ ဒေသအလိုက်စိုက်ဧကများ တိုးချဲ့ဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်က နေပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အထိ စားကျက်မြေ၊ မြေရိုင်းဧရိယာ၊ သစ်တောမြေတွေအပေါ်မှာ စိုက်ဧကများကို တိုးချဲ့ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြည်ထောင်စု

တစ်ဝန်းလုံးမှာ စိုက်ပျိုးမြေအဖြစ် တောင်သူလယ်သမားများမှ ဖော်ထုတ်စိုက်ပျိုးခဲ့ကြောင်း စစ်တမ်းများအရ တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းပြီးတဲ့ နောက်မှာ ပုဂ္ဂလိကနှင့် ကုမ္ပဏီဖွဲ့အစည်းများဟာ မြေလွတ်မြေရိုင်းများကို တိုးချဲ့ ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ လတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်း(၂)ပါ အခြားနည်းအသုံးပြုမကြောင့် ဆန်စပါး စိုက်ပျိုးမြေများ လျော့နည်းသွားမကို ဥပဒေဖြင့် ကာကွယ်တားဆီးနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၂၉ မှာ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေး သဘောတူညီချက်ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ကိုရယူရမှာ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေဥပဒေပုဒ်မ ၃၀ မှာ အများ ပြည်သူအကျိုးငှာအတွက် လယ်ယာမြေကို အခြားနည်းအသုံးပြုရန်လည်း ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ စိစစ်ခွင့်ပြုမဖြင့် ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိ သူဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက် ပုဒ်မ ၁၂ မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရ။ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ ဟုတိကျစွာ ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကို ဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်လို့ရှိရင် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အောက်ပါအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၁၉ မှာ လယ်ယာမြေ ၁၂ ပါ စည်းကမ်းချက်များအားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျင် ဝန်ကြီးဌာနကိစအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။ သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း။ သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း။ လယ်ယာမြေပေါ်မှ နှင်ထုတ်ခြင်း။ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းစတဲ့ အဆောက်အအုံများကို ဖယ်ရှားခြင်းတို့ ဆောင်ရွက်ရမှာ

ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၁၉ မှာလည်းပဲ မလိုက်နာလို့ရှိရင် ပုဒ်မ ၃၅ နှင့် ၃၆ တို့အရ အနည်းဆုံး ဒဏ်ငွေ ကျပ်သုံးသိန်းမှ ငါးသိန်းအထိ လည်းကောင်း၊ အများဆုံး ထောင်ဒဏ် ခြောက်လမှ နှစ်နှစ်ထိလည်းကောင်း ချနိုင်တယ်လို့ ပုဒ်မ ၃၅၊ ၃၆ မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ လယ်ယာမြေဥပဒေအတိုင်း လိုက်နာကျင့်သုံးဖို့လိုမယ်လို့ တင်ပြလိုပါတယ်။ နိုင်ငံတော်၏ စားရေရိကာဖူလုံလုံခြုံစေရေးအတွက် လယ်ယာမြေများ ဆုံးရှုံးမမရှိစေရန် လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဖို့အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကိုလည်း ညွှန်ကြားချက်များတိတိကျကျ လိုက်နာဖို့အတွက် ထုတ်ပြန်ထားပြီးလည်းဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း(၃)ပါ ဆန်ဖူလုံပိုလျံရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်တို့ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေးကိုအခြေခံတဲ့ ဆန်ကိုအဓိကစားသုံးတဲ့ နိုင်ငံဖြစ်သည့်အတွက် ခေတ်အဆက်ဆက်စပါးကို အဓိကအရေးကြီးသီးနှံအဖြစ် စီမံဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ပြီးတော့လည်းပဲ မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၁.၄၂ သန်းအတွက် ဆန်ဖူလုံမရာခိုင်နှုန်းဟာ ၁၆၈ ရာခိုင်နှုန်းရှိပြီး နောင်တိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက်ရည်မှန်းကာ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ နှစ် ၃၀ စီမံကိန်းကို မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဖူလုံ၍ အာဟာရပြည့်ဝသော စားရေရိကာရရှိရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိရေးအတွက် သင့်တင့်မျှတသောဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး အဓိကအချက်များကို တောင်သူလယ်သမားအခွင့် အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တင်ရေးဥပဒေနှင့်အညီ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မတိုးတက်ဖို့အတွက်၊ ဖူလုံဖို့အတွက် (Extensive Method)၊ (Intensive Method) ဖြစ်တဲ့ စိုက်ဧကများတိုးချဲ့ရေး တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆိုတဲ့ နည်းဗျူဟာများနဲ့ကျင့်သုံးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဧကအထွက်နှုန်းတိုးတက်ဖို့အတွက်ဆိုရင် ရေမြေဒေသနှင့်ကိုက်ညီတဲ့အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးဖို့၊ ရေသွင်းစိုက်ဧရိယာများ တိုးချဲ့ပြီးတော့ ရေသွင်းစနစ်စနစ်တကျဆောင်ရွက်ဖို့၊ ရိတ်သိမ်း ခြွေလှေ့သည်မှာ ကြိတ်ခွဲသည်အထိ အလေအလွင့်နည်းပါးအောင် စက်မှုလယ်ယာများကို သုံးစွဲဖို့၊ ခေတ်မီသိပံနည်းကျ စိုက်ပျိုးနည်းစနစ်များကိုသုံးစွဲဖို့၊ သွင်းအားစုများ

ဖြစ်တဲ့ မြေသြဇာများကို အချိုးကျ၊ အချိန်ကိုက် ထိထိရောက်ရောက် မှန်ကန်စွာအသုံးပြုမစတဲ့ နည်းဗျူဟာများကို ချမှတ်ပြီးတော့ ဆန်စပါးထုတ်လုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်းတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို အဓိကထားပြီး (FAO)၊ (IRRI)၊ (IFAD) စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး Rice Policy ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံသားများ၏ အဓိကစားသုံးသီးနှံ Rice is Life နှင့်အညီ ဆန်စပါးဟာ ပြည်သူများ၏အသက်ဖြစ်၍ တာဝန်ရှိ အဖွဲ့အစည်းများ၊ ပြည်သူပြည်သားအားလုံး ဆန်စပါးထုတ်လုပ်ရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စည်းကမ်းမဲ့ ငါးဖမ်းမကြောင့် မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတ ကုန်ခန်းလာသဖြင့် အချိန်မီတားဆီးကာကွယ်နိုင်ရန်အတွက် ပင်လယ်ပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်၊ သူရဦးအောင်ကိုမှ သတ်မှတ်ချိန်အတွင်း မေးမြန်းပေးဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ဦးအောင်ကို အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ မြန်မာ့ပင်လယ်ပြင် သဘာဝပတ်ဝန်းကျင်နှင့် ငါး၊ ပုစွန်သယံဇာတပစည်းများ ထိန်းသိမ်းကာကွယ်ရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ဟာ အဆင့်သုံးဆင့်ရှိပြီးတော့မှ အရှည် ၁၃၈၅ မိုင်ရှိတဲ့ ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပါတယ်။ အဲ့ဒီအဆင့်သုံးဆင့်ကတော့ ရခိုင်ကမ်းရိုးတန်း ၄၄၃ မိုင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကမ်းရိုးတန်း ၂၇၂ မိုင်၊ မွန်၊ တနင်္သာရီကမ်းရိုးတန်း ၆၇၀ မိုင်တို့ဖြစ်ပါတယ်။ ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ဒေသမှာ ဖရုံကာကျွန်း၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း စတဲ့ကျွန်းကြီးများအပါအဝင် ကျွန်းငယ်များ၊ ဒီရေတောများ တည်ရှိသလိုပဲ ဧရာဝတီကမ်းလွန်ဒေသမှာလည်းပဲ ကိုကိုးကျွန်းနှင့် ကျွန်းငယ်များ၊ ဒီရေတောများ တည်ရှိနေပါတယ်။ ထူးခြားမအနေနဲ့ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာ ကျွန်းစု၊ ကျွန်းလတ်၊ ကျွန်းငယ် စုစုပေါင်း ၈၀၀ ခန့်ပါဝင်တဲ့

မြိတ်ကျွန်းစုကြီး တည်ရှိနေမပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် မုတ်သုံရာသီဟာ ပုံမှန်အားဖြင့် ဇွန်လမှ စက်တင်ဘာလကုန် အောက်တိုဘာလဆန်းအထိ လေးလကျော်လောက် ကြာမြင့်ပါတယ်။ ကမ်းရိုးတန်းဒေသတစ်လျှောက်တွေဟာ မိုးရွာသွန်းမအားကောင်းတဲ့ဒေသတွေ ဖြစ်ပါတယ်။ မုတ်သုံလေ စတင်ဝင်ရောက်ချိန်ကာလမှာဆိုလို့ရှိရင် မိုးကြိုမုန်တိုင်းများဖြစ်ပေါ်လေ့ရှိတာကြောင့် မိုးလို့ လိုင်းလေပြင်းထန်လေ့ရှိပါတယ်။ အဲ့ဒီကာလဟာ ပင်လယ်ပြင်မှာ ငါး၊ ပုစွန် ရေသတ္တဝါများ ဥချသားပေါက်လေ့ရှိတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ငါး၊ ပုစွန်တွေဟာ လိုင်းဒဏ်၊ လေဒဏ်ကာကွယ်ရတဲ့ ကျွန်းစုများအကြား ဒီရေတောများမှာ ဥချ သားပေါက်ကြလေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ တနင်္သာရီတိုင်း ကမ်းရိုးတန်းဒေသကြီးဟာ ကျွန်းတွေ ပေါများသောကြောင့်မို့လို့ ငါး၊ ပုစွန် ရေသယံဇာတ ကြွယ်ဝနေခြင်းဖြစ်ပါတယ်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်နေတဲ့ မြောက်ဘက်ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယကမ်းရိုးတန်းတစ်လျှောက်မှာလည်းကောင်း၊ တောင်ဘက် ထိုင်း-မလေးရှား ကမ်းရိုးတန်းတစ်လျှောက်မှာလည်းကောင်း၊ ကျွန်တော်တို့ ကမ်းရိုးတန်းလို ကျွန်းကြီး၊ ကျွန်းငယ်၊ ကျွန်းလတ်တွေ များများစားစား မရှိပါဘူး။ အနည်းငယ်မျှသာရှိတာကြောင့်မို့လို့ ရေသယံဇာတအနေနဲ့ မြန်မာ့ပင်လယ်ပြင်လို ကြွယ်ဝမမရှိကြောင်း တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ကမ်းနီးနဲ့ ကမ်းဝေးလို့ ခွဲခြားခွင့်ပြုထားပါတယ်။ ကမ်းနီးငါးဖမ်းလုပ်ငန်းကို ရေအနက် အလန်အားဖြင့် ၂၀ ပေအားဖြင့် ၁၂၀ ရဲ့အပြင်ဘက် ကမ်းရိုးတန်းတစ်လျှောက်မှာ တရုတ်ဆွဲပိုက်နဲ့ ဖမ်းဆီးခွင့်ပြုထားပါတယ်။ သတ်မှတ်ထားတဲ့ ပိုက်ကွက်အရွယ်အစားဖြင့်သာ ခွင့်ပြုပြီးတော့မှ ပိုက်ကွက်အစိပ်များကို ကန့်သတ်တဲ့ ရေလုပ်ငန်းဥပဒေများလည်း ပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း ငါးဖမ်းစက်လှေများဟာ တရုတ်နိုင်ငံဘက်ကို ဘုံကျောင်း ငါးဖမ်းပိုက်ကွက်စိတ်များကို အသုံးပြုလာတာကြောင့် ငါးကြီးများသာမက ငါးသေးများပါ ပြန်းတီးနေတာ တွေ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ရေညှိ၊ ရေမှော်များလည်း ပျက်စီးသွားတာကြောင့် ပင်လယ်ကြမ်းပြင်၊ သဘာဝပတ်ဝန်းကျင်နှင့် ငါးစာကျက်များလည်း ဆုံးရှုံးနေတာ တွေ့ရပါတယ်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းမှာတော့ဖြင့် ပင်လယ်ပြင်ရေနက်ပိုင်းတွင် ဝိုင်းချုပ်ပိုက်များ အသုံးပြုဖမ်းဆီးခြင်းဖြစ်သောကြောင့် ပင်လယ်ကြမ်းပြင်တွင်ရှိသော သန္တာကျောက်တန်းများနှင့် ရေညှိ၊ ရေမှော်များ ပျက်စီးမနည်းပါးကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျနော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာရှိနေတဲ့ ၎င်းရဲ့ ငါး၊ ပုစွန်၊ ရေညှိ၊ ရေမှော်အပါအဝင် ရေသယံဇာတ ပြန်လည်ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် နည်းလမ်းမျိုးစုံနဲ့ စီမံဆောင်ရွက်ထားပါတယ်။ ထိုင်းပင်လယ်ကွေ့နှင့် အနောက်ဘက် ကပလီပင်လယ် ကမ်းရိုးတန်းမှာ ရေတိမ်ပိုင်းတစ်လျှောက်မှာ ၁ တန် အလေးချိန်ရှိတဲ့ ကွန်ကရစ်တုံးများကို သံချိတ်များ တပ်ဆင်ထား ပါတယ်။ ၁၉၉၀ ပြည့်နှစ်ခန့်မှာ စတင်လုပ်ဆောင်နိုင်ကြောင်းလည်း တွေ့ရပါတယ်။ တစ်စတုရန်းမိုင် ဧရိယာမှာ ကွန်ကရစ်တုံး ၁၀၀ ချထားကြောင်းနှင့် ယနေ့အထိ ဆက်လက်လုပ်ဆောင်နေကြောင်း သတင်းရရှိပါတယ်။ ၎င်းအပြင် အခြားပင်လယ်ကမ်းရိုးတန်းဒေသများအတွက် ရေညှိ၊ ရေမှော်များကို လည်း ကွန်ကရစ်တုံးများအကြားမှာ ချထားပျိုးထောင်ရာ အောင်မြင်နေကြောင်း သိရှိရပါတယ်။ အဲ့လို လုပ်ဆောင်ခြင်းကြောင့် ကမ်းနီးငါးဖမ်းစက်လှေများမှာ ပင်လယ်ကြမ်းပြင်သို့ တရွတ်ဆွဲပိုက်များဖြင့် ငါးဖမ်းခြင်း မပြုနိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ရေညှိ၊ ရေမှော် ပျက်စီးမှု၊ ငါး၊ ပုစွန် သားပေါက်များ ဆုံးရှုံးခြင်းကို ကာကွယ်ပေးနိုင်ခြင်းကို တွေ့ရပါတယ်။ ကျနော်တို့ မြန်မာ့ပင်လယ် ပြင်မှာ စည်းကမ်းမဲ့ငါးဖမ်းဆီးမကြောင့် ရေညှိ၊ ရေမှော်အပါအဝင် ငါး၊ ပုစွန်သယံဇာတများ ရှားပါး ကုန်ခန်းလာနေပြီဖြစ်ပါတယ်။ အဲ့ဒီအခြေအနေကို အချိန်မီတားမြစ်သွားနိုင်ရန်အတွက် ကွန်ကရစ်တုံး များ ချထားခြင်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ပင်လယ်ပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ ဂုဏ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျနော်တို့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ မေးခွန်းနဲ့ပတ်သက် ပြီး ကျနော် ဝန်ကြီးဌာနကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့မေးခွန်းဟာ ကျနော်တို့နိုင်ငံအတွက် တကယ့်ကို အဓိက လိုအပ်နေတဲ့ Conservation Measure အရ သယံဇာတထိန်းသိမ်းရေးမှာ တချို့ စည်းမဲ့ကမ်းမဲ့

ဖြစ်လာတဲ့ဟာတွေကို ထိန်းသိမ်းဖို့ မေးတဲ့မေးခွန်းဖြစ်တဲ့အတွက် တကယ့်ကို High Conceptual Thinking မေးခွန်းတစ်ခုဖြစ်တယ်ဆိုတာ ကျန်တော် သုံးသပ်ရင်းနဲ့ မေးမြန်းပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်တော်တို့နိုင်ငံရဲ့ ပင်လယ်ပြင် ငါး၊ ပုစွန်သယံဇာတ ပြုန်းတီးမမရှိစေဖို့အတွက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့အတွက် သန္တာကျောက်တန်းတွေ မိုင်းခွဲခြင်း၊ ဒီရေတောတွေကို ခုတ်ထွင်ခြင်း၊ တရွတ်ဆွဲပိုက်များဖြင့် ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်းများကို မပြုလုပ်ရန် ကျန်တော်တို့ဝန်ကြီးဌာနကနေ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ငါးလုပ်ငန်းဆိုင်ရာ ဆောင်ရန်/ရှောင်ရန်တွေကိုလည်း ရေလုပ်သားတွေကို သိရှိနိုင်ဖို့အတွက် စည်းရုံးဆောင်ရွက်ခြင်း၊ ရေလုပ်ငန်းလုပ်ကိုင်တဲ့ မြို့နယ်/ကျေးရွာတွေမှာ ရေသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုတားမြစ်ထိန်းသိမ်းတဲ့နေရာမှာ ကျန်တော်တို့ရဲ့ တပ်မတော်(ရေ)ကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမအောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း ရေကြောင်းလုံခြုံ ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ရေကြောင်းရဲတပ်ဖွဲ့ကို ကျန်တော်တို့ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ၁၉၇၇ ခုနှစ်၊ ပင်လယ်ပိုင်နက်နှင့် ပင်လယ်ဇုန်များဥပဒေ၊ ၁၉၈၉ ခုနှစ်၊ နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ၁၉၉၀ ပြည့်နှစ်၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ၊ ပြည်ထောင်စုလတ်တော်ဥပဒေအမှတ်(၉) ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့မှ တခြားဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ကျန်တော်တို့နိုင်ငံအနေနဲ့ FAO ရဲ့အကူအညီနဲ့ ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့မှ သုတေသနရေယာဉ်ဖြစ်တဲ့ Dr. Fridtjof Nansan Reserve Vessel နဲ့လည်း ကျန်တော်တို့ Post- Monsoon Survey ကို ကျန်တော်တို့နိုင်ငံမှာ ရေပြင်မှာ Biomass ဖြစ်တဲ့ ကျန်တော်တို့ရဲ့ ငါးသယံဇာတထုထည်ကို ကျန်တော်တို့ တိုင်းထွာခဲ့ပြီးဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျန်တော်တို့ Pre Monsoon အနေနဲ့ နောက်ထပ်မကြာခင်ကာလမှာ တိုင်းတာဆောင်ရွက်မအကူအညီပေးတဲ့ FAO အဖွဲ့နဲ့လည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အကြမ်းဖျင်း တင်ပြ ရင်တော့ ဒီမှာ ကျန်တော်တို့နိုင်ငံရဲ့အနေအထားလေးဟာ ဒီ Catch Per Unit Effort လို့ခေါ်တဲ့ CPUE ဟာ ၁၉၈၉ ခုနှစ်က ကျန်တော်တို့ တိုင်းထွာခဲ့တဲ့ တိုင်းတာချက်အရဆိုရင်

တော့ ဒါကျဆင်းနေတာ လတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို ကျဆင်းနေတာ မှန်ပါတယ်။ ၁၉၈၉-၁၉၉၀ ခုနှစ်က တိုင်းထွာချက်အရဆိုရင် ကျန်တော်တို့ -------------။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ Kilo Per Hour ပဲ ရှိပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ၂၅ ပဲ ရှိပါတယ်။ ဒါကြောင့်မို့လည်း ကျန်တော်တို့နိုင်ငံရဲ့ သယံဇာတတွေကို လာပြီးတော့မှ ထိပါးနေတာဖြစ်ပါတယ်။ သို့သော် ဒါတွေကို ပညာရှင်နဲ့တိုင်းတာတဲ့အခါမှာ ကျန်တော်တို့နိုင်ငံရဲ့ လက်ရှိရှိနေတဲ့ Biomass သည် ကျန်တော်တို့ ထိန်းသိန်းနိုင်တဲ့အနေအထားရှိတယ်ဆိုတဲ့ အဖြေထွက်လာတာဖြစ်တဲ့အတွက် ကျန်တော်တို့တစ်တွေ ကနေပြီးတော့မှ ပြီးခဲ့တဲ့နှစ်က ကျန်တော်တို့ ဆောင်ရွက်ထားခဲ့တဲ့ နိုင်ငံခြားကုမဏီတွေကို လုပ်ပိုင်ခွင့် ပေးထားတဲ့ Fishing Right တွေကို ၁-၄-၂၀၁၄ ရက်ကစပြီး ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခါ ကျန်တော်တို့ရဲ့ ပင်လယ်ပြင်မှာရှိနေတဲ့ ငါးဖမ်းရေယာဉ်တွေကိုလည်းပဲ ဒီ Over Fishing၊ Fishing Down Expectation တွေမဖြစ်အောင် ငါးဖမ်းစင်းရေတွေကို ထိန်းချုပ်ခဲ့ပါတယ်။ နောက်တစ်ခါ ကျန်တော်တို့ ငါးဖမ်းရက်တွေကိုလည်း သတ်မှတ်ပြီးတော့မှ ကျန်တော်တို့ ထိန်းချုပ်ခဲ့ပါတယ်။ နောက် ငါးမဖမ်းဇရိယာ အခုနက ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ တကယ် Sponging Grounds တွေ၊ ငါးတွေ မပေါက်ဖွားနိုင်တဲ့နေရာတွေမှာလည်း ငါးမဖမ်းရဇရိယာတွေ သတ်မှတ်ခဲ့ပါတယ်။ အလားတူ ကျန်တော်တို့ Close အစီအစဉ် ငါးမဖမ်းရရာသီကို သတ်မှတ်သလို ငါးဖမ်းတဲ့ပိုက်ကွက်၊ နောက် ငါး အမျိုးအစား၊ ငါးရဲ့ Species တွေ၊ နောက်တစ်ခါ လိုင်စင်ကန့်သတ်ချက်တွေ ကျန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခါ ကျန်တော်တို့ Off Show နဲ့ In Show ကမ်းနီးကမ်းဝေး ငါးဖမ်းကွက်တွေလည်း သတ်မှတ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ Illegal Fishing Fish ရဲ့ တရားမဝင် ငါးဖမ်းတဲ့ ဒီသဘောဘာတွေကို တားမြစ်နိုင်ဖို့ဆိုရင် ကန်တော်တို့ရဲVessel Monitoring System (VMS) စနစ်တွေ ကျန်တော်တို့ တပ်ဆင်ထားပါတယ်။ တပ်ဆင်ခိုင်းပါတယ်။ နောက်တစ်ခု ကျန်တော်တို့ ဂြိုလ်ထုကနေပြီးတော့မှ အသုံးပြုပြီးတော့မှ ငါးဖမ်းယာဉ်ရဲ့ စောင့်ကြည့်ထိန်းချုပ်တဲ့ ကိရိယာ Monitoring Control and Surveillance (MCS) စနစ်တွေ ကျန်တော်တို့ တပ်ဆင်တာတွေ ပြည်တွင်းပြည်ပ ကမ်းဝေးရေယာဉ်တွေမှာ တပ်ဆင်အသုံးပြုဖို့ ကျန်တော်တို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲ့ဒါအပြင် ကျန်တော်တို့ ဂေဟစနစ်နဲ့အညီ ငါးလုပ်ငန်းတွေစီမံခန့်ခွဲနိုင်ဖို့ ငါးနေငါးထိုင်

များ ထိန်းသိမ်းခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ၊ ငါးအမျိုးအစား၊ အရွယ်အစား၊ အလေးချိန် စာရင်းကောက်ယူခြင်း၊ ငါးဖမ်းစွမ်းရည် စစ်တမ်းကောက်ယူခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်းတွေလည်း ကျန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒါအပြင် သယံဇာတထိန်းညှိခြင်းအစီအစဉ်ဖြင့် ဖမ်းဆီးထုတ်လုပ်ခြင်း (Catcher Base Fisheries) ကနေပြီးတော့မှ မွေးမြူထုတ်လုပ်ခြင်း (Culture Base Fisheries) ကို ပြောင်းနိုင်ဖို့ Balancing လုပ်ကိုလည်း ကျန်တော်တို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျန်တော်တို့ လက်ရှိ အားနည်းချက်တွေဖြစ်ပေါ်နေတဲ့ ငါး သယံဇာတနှင့် ဇီဝမျိုးစုမျိုးကွဲများ Resources and Diversity ရှာဖွေတိုင်းတာမလုပ်ငန်းတွေကို ပိုပြီး ကျန်တော်တို့ ဆောင်ရွက်သွားဖို့ အစီအမံများ ချမှတ်လျက်ရှိပါတယ်။ နောက် ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ဖမ်းဆီး မွေးမြူမနှင့် ပြုပြင်ထုတ်လုပ်မ သုတေသနလုပ်ငန်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့ ကျန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ငါးလုပ်ငန်းစစ်ဆေးကြီးကြပ်တဲ့ ဝန်ထမ်းအင်အားတွေလည်း ဖြည့်တင်းပြီးတော့မှ ထိရောက်စွာကွပ်ကဲနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက် သုတေသန ငါးဖမ်းရေယာဉ်နဲ့ ကင်းလှည့်စစ်ဆေးတဲ့ ရေယာဉ်တွေလည်း တိုးချဲ့ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက် ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်တွေ နည်းပါးလာတာဖြစ်တဲ့အတွက် ထပ်မံမွေးထုတ်နိုင်ဖို့လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ နောက် ငါးလုပ်ငန်း ရေပြင်အတွင်းမှာ အခြားနိုင်ငံများမှ ငါးခိုးဖမ်းတဲ့ ရေယာဉ်တွေ ဝင်ရောက်ခြင်းမရှိနိုင်ရန် ဌာနအားလုံး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ငါးသယံဇာတများပြုန်းတီးမနှင့် တရားမဝင်ငါးဖမ်းဆီးမ ကားကွယ်တားဆီးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ မိမိတို့ကဏ္ဍအလိုက် အပိုဒ်(၁၂) တင်ပြပါလုပ်ငန်းရပ်များအား ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် အပိုဒ်(၁၃)ပါ တင်ပြခဲ့တဲ့ အားနည်းချက်တွေကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်ကနေ ခွင့်ပြုဘဏ္ဍာငွေနဲ့ အခြားလုပ်ငန်း အထောက်အကူပစ္စည်းများ၊ နည်းပညာပံ့ပိုးမများရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၁၆-၆-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့် သဘောတူသင့်သည့်အချက် ၄ ချက်တင်ပြရန် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**မူကြမ်း**

ကျန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အစီရင်ခံစာကို ၁၆-၆-၂၀၁၄ ရက်နေ့မှာ ဖတ်ကြားခဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များထံမှ ပြင်ဆင်ရန် အမည်စာရင်းကို ကျန်တော်တို့ လက်ခံရရှိခဲ့ပါတယ်။ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်အပေါ်မှာ လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း၊ ဒေါ်တင်နွယ်ဦး တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ အဲ့ဒီအပြင် အမျိုးသားလွှတ်တော်က ထပ်မံပြီးတော့ အတည်ပြုရန် ပေးပို့လာတဲ့ ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့လည်း ကျန်တော်တို့ ဥပဒေကြမ်းကော်မတီက ၁၀-၁၁-၂၀၁၄ ရက်နေ့မှာ ထပ်မံပြီးတော့ အစီရင်ခံစာတင်ပြခဲ့ပါတယ်။ အစီရင်ခံစာပါအကြောင်းအရာအနေနဲ့ သီးခြားဥပဒေတစ်ရပ်အဖြစ် အတည်ပြုခြင်းအစား ဒီဥပဒေကြမ်းမှာပဲ တပေါင်းတည်း ဖြည့်စွက်ဖော်ပြသင့်ကြောင်း တင်ပြချက်အပေါ်မှာ လွှတ်တော်ကလည်း သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၁၁-၁၁-၂၀၁၄ ရက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ ညှိနှိုင်းအစည်းအဝေး ထပ်မံကျင်းပခဲ့ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်များအရ မူလပြင်ဆင်ရန် ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်၊ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်တို့နှင့် ထပ်မံညှိနှိုင်းခဲ့ပြီး လွှတ်တော်အခွင့်အရေးကော်မတီ၏ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါတယ်။

ဒီသဘောတူချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို အတည်ဖြစ်ပါက ကျန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ခံစားခွင့်ရမှာဖြစ်ပါတယ်။ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ နိုင်ငံရေးပင်စင်အတွက် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ခြင်း မဟုတ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ခံစားခွင့်ရရင်တောင်မှ ကျန်တော်တို့ ၂၀၁၅ ခုနှစ် ဧပြီကနေပြီးတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီအထိသာဖြစ်ပြီး နောင်ပေါ်ပေါက်လာမယ့် လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်းကောင်း၊ နောက် နိုင်ငံရေးသက်ဝင်လပ်ရှားမများ ပိုမို အားကောင်းလာစေရန်လည်းကောင်း၊ အခြေအနေနှင့်အချိန်အခါအရလည်းကောင်း၊ ကျန်တော်တို့ နိုင်ငံ့ဝန်ထမ်းများနည်းတူ တိုးမြှင့်ခံစားသင့်ကြောင်းကိုလည်းကောင်း သုံးသပ်ပြီးတော့ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီက ညှိနှိုင်းအစည်းအဝေးမှာဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း

သဘောတူလက်ခံသည့် အချက် ၄ ချက်ကို တင်ပြပါ့မယ်။ အဲ့ဒီအချက် ၄ ချက်ကတော့ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေခေါင်းစီးဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ စာမျက်နှာ ၂ အမှတ်စဉ် ၂ အပိုဒ် ၁ ဖြစ်ပါတယ်။ တတိယအနေနဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၇ အသစ်ဖြည့်စွက်ချက် မူလဥပဒေဥပဒေပုဒ်မ ၆ ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ စတုတ္ထအနေနဲ့ စာမျက်နှာ ၅ နှင့် ၆ မှာပါတဲ့ အမှတ်စဉ် ၈ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ ၈ ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံသည့်အချက် ၄ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၄ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောတူထားတဲ့ ၄ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၄ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အချက် ၃ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် ၃ ချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ဆက်လက်ပြီးတော့ အတည်ပြုနိုင်ရန် တင်ပြသွားမှာဖြစ်ပါတယ်။ ယင်း အသစ်ဖြည့်စွက်ချက် ၃ ချက်ကတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ နှင့် ၇ မှာရှိတဲ့ အမှတ်စဉ် ၉ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၈ မူလဥပဒေပုဒ်မ ၁၂ ရဲ့နောက်မှာ ၁၂ (က)အဖြစ် အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ စာမျက်နှာ ၇ နှင့် ၈ မှာပါတဲ့ အမှတ်စဉ် ၁၀ အပိုဒ် ၂ ဖြစ်ပါတယ်။ တတိယအနေနဲ့ စာမျက်နှာ ၈ အမှတ်စဉ် ၁၁ အပိုဒ် ၃ အား ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် ၃ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၃ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၃ ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များ အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်

အခွင့်အရေးကော်မတီက ပြင်ဆင်ချက် (၄)ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခုစတင်ဆောင်ရွက်ပါမယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ ပထမဦးဆုံး ပြင်ဆင်ချင်တဲ့ပုဒ်မကတော့ ပုဒ်မ ၃ ပုဒ်မခွဲ(က) ဖြစ်ပါတယ်။ အဲဒီပုဒ်မဟာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်နှစ်ရပ်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားကိုယ်စားလှယ်များသည် ချီးမြှင့်ငွေကျပ်သုံးသိန်း ခံစားခွင့်ရှိသည်ဆိုတဲ့ ဥပဒေပုဒ်မမှာ ကျပ်သုံးသိန်းဆိုတဲ့ စကားရပ်ကို အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံးကျပ် ၁၆ သိန်းအထိဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်ကြောင်း ပြင်ဆင်ရန် တင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီ၏ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတဲ့ ပြင်ဆင်ချက်ကတော့ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ဖြစ်ပါတယ်။ ပုဒ်မခွဲ(ခ)က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက် ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်သို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များသည် လစဉ်ချီးမြှင့်ငွေ ကျပ်နှစ်သိန်းခံစားခွင့်ရှိသည်ဆိုတဲ့ပုဒ်မမှာ ကျပ်နှစ်သိန်းဆိုသည့်စကားရပ် ကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိဆိုသည့် စကားရပ်ဖြင့် အစားထိုးရန် အတွက် ပြင်ဆင်ရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီ၏ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတဲ့ပြင်ဆင်ချက်ကတော့ ပုဒ်မ ၃ ပုဒ်မခွဲ(ဂ) ဖြစ်ပါတယ်။

ပုဒ်မခွဲ(ဂ)မှာပါတဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၁) ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့် ငွေကျပ်နှစ်သိန်းခံစားခွင့်ရှိသည်ဆိုတဲ့ပုဒ်မမှာ ကျပ်နှစ်သိန်းဆိုသည့်စကားရပ်ကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ် ၁၀ သိန်းအထိဆိုသည့်စကားရပ်ဖြင့် အစားထိုးရန်အတွက် ပြင်ဆင်ရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတဲ့ ပြင်ဆင်ချက်ကတော့ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)ဖြစ်ပါတယ်။ ပါရှိတဲ့ပုဒ်မမှာပါတဲ့စာသား ပုဒ်မ ၂ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၂)၊ (၃) နှင့် (၄) တို့ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်တစ်သိန်းခံစားခွင့်ရှိသည်ဆိုသည့် ပုဒ်မမှာ ကျပ်တစ်သိန်းဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်လိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ချက်မပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာတဲ့ ပြည်သူ့လတ်တော်၊ အမျိုးသားလတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ် များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းကို အတည်ပြုရန် လတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမ အကြိမ် ပြည်သူ့လတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၁၆-၆-၂၀၁၄ ရက်နေ့မှာ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုတဲ့လတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း

**မူကြမ်း**

ကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၁၆-၆-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၁၆-၆-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည် စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း

ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၁၆-၆-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀-၁၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။**]**

**မှူကြမ်း**